ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# လူငယ်ရေးရာမူဝါဒ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ



# ဥယျောဇဉ်

လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို ပုခုံးပြောင်းတာဝန်ယူကြရမည်ဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရမည့်သူများ ဖြစ်ကြပါသည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသော အစိုးရအနေဖြင့် မျိုးဆက်သစ်လူငယ်များ အခွင့်အရေး အပြည့်အဝ ရရှိနိုင်သည့် လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးနိုင်ခွင့်ရှိသည့်စနစ်ကို ယနေ့ လူငယ်များအတွက် ဖော်ဆောင်နိုင်ရန် ကြိုးစားလျှက်ရှိပါသည်။

ယခုလူငယ်ရေးရာမူဝါဒ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်းသည် လူငယ်မျိုးဆက်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ခု ခိုင်ခိုင်မြဲမြဲ ချမှတ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤမူဝါဒတွင် ယနေ့ နိုင်ငံတော်အတွက် အဓိကလိုအပ်လျှက်ရှိသော ငြိမ်းချမ်းရေးကဏ္ဍကိုလည်း ထည့်သွင်းထားပြီး လူငယ်များ ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေ ပေးခဲ့နိုင်ရန်လည်း ရည်ရွယ်ထားပါသည်။

နိုင်ငံတော် အရှည်သဖြင့် ငြိမ်းချမ်းဖွံ့ဖြိုးရေးအတွက် နောင်အနာဂတ် ခေါင်းဆောင်များ ဖြစ်လာမည့် လူငယ်မျိုးဆက်သစ်များသည် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုထူးချွန်ထက်မြက်စွာဖြင့် တွေ့ကြုံရမည့် စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် လွန်စွာအရေးကြီးလှပါသည်။ လူငယ်ရေးရာမူဝါဒသည် လူငယ်မျိုးဆက်သစ်များ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်နိုင်ရန် အခွင့်ရှိသော၊ ထောက်ပံ့အားပေးနေသော ပတ်ဝန်းကျင်၊ စနစ်တစ်ခု ပေါ်ပေါက်ရန် အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသူ လူငယ်များအားလုံးက ယခုမူဝါဒကို သိရှိကြပြီး မူဝါဒပါ အခန်းကဏ္ဍများကို အကောင်အထည်ဖော်ရာတွင် ပြီးခဲ့သောကာလများ၏ သင်ခန်းစာယူစရာများ၊ မိမိတို့၏ အတွေးသစ်အမြင်သစ်များကို ဖော်ထုတ်၍ ပြည်ထောင်စုစိတ်ဓါတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်တိုက်တွန်းအပ်ပါသည်။

ယခုလူငယ်ရေးရာမူဝါဒ ပေါ်ပေါက်လာရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း သိရှိစေအပ်ပါသည်။

အောင်ဆန်းစုကြည်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

# အမှာစာ



လူငယ်ထုအင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော လူ့စွမ်းအား အရင်းအမြစ်ဖြစ်ပြီး နောင်အချိန်တွင် အနာဂတ်နိုင်ငံကို ခေါင်းဆောင်ရန် လက်ဆင့်ကမ်း အမွေယူကြရမည် ဖြစ်ပါသည်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းလျက်ရှိသော အစိုးရအနေဖြင့် လူငယ်များ၏ အရေးပါသောကဏ္ဍကို ချန်လှပ်မထားဘဲ အဖက်ဖက်မှ မြေတောင်မြှောက် ပြုစုပျိုးထောင်ပေးသွားရန် အစဉ် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူငယ်များအတွက် အခွင့်အရေးအပြည့်အဝရရှိရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရေးအတွက် အထောက်အကူပြုမည့် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကိုယ်စားပြုလူငယ်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် UN Agencies များအတူ ပူးပေါင်း၍ ရေးဆွဲခဲ့ကြပါသည်။

အဆိုပါ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ ရေးဆွဲရာတွင် လူငယ်တွေ့ဆုံဆွေးနွေးပွဲများကို လူငယ်များကိုယ်တိုင်တက်ကြွစွာ နိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီး လူငယ်ထုဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအသီးသီးတွင် နိုင်ငံတစ်ဝန်းရှိ လူငယ်များ၏ အသံကို ကိုယ်စားပြုသော အကြံပြုချက်များ၊ တောင်းဆိုချက်များကို ခြုံငုံထည့်သွင်းရေးဆွဲနိုင်ခဲ့ပါသည်။ ၎င်းကို လူငယ်ရေးရာမူဝါဒရေးဆွဲရေးဆိုင်ရာ မူကြမ်းရေးဆွဲရေးအဖွဲ့အစည်းအဝေး၊ လုပ်ငန်းကော်မတီ အစည်းအဝေး၊ ဗဟိုကော်မတီအစည်းအဝေးတို့တွင် အဆင့်ဆင့်ထပ်မံဆွေးနွေးပြီး ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုနိုင်ခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ရာ ၎င်းကို အခြေခံပြီး လူငယ်ထုအတွင်း ကဏ္ဍအလိုက်စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးမည့် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် လူငယ်များသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိက အခန်းကဏ္ဍက ပါဝင်လာနိုင်မည်ဖြစ်သောကြောင့် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း သိရှိစေအပ်ပါသည်။

ဒေါက်တာဝင်းမြတ်အေး
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း | ၁ |
| မျှော်မှန်းချက် | ၂ |
| ရည်မှန်းချက် | ၂ |
| လူငယ်မူဝါဒ၏ ရည်ရွယ်ချက်များ | ၂ |
| လူငယ်မူဝါဒရေးဆွဲမှု ဖြစ်စဉ် | ၄ |
| လူငယ်မူဝါဒရေးဆွဲရေးအတွက် အခြေခံအကြောင်းအရင်းများ | ၆ |
| လူငယ်မူဝါဒ၏ အခြေခံမူများ | ၈ |
| အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၁၀ |
| လူငယ်မူဝါဒအဓိကကဏ္ဍများ | ၁၂ |
| အရေးပေါ်အခြေအနေများ | ၂၇ |
| လူငယ်များရရှိနိုင်သောအခွင့်အလမ်းများ | ၂၇ |
| လူငယ်များ၏တာဝန်ဝတ္တရားများ | ၂၈ |
| သက်ဆိုင်ရာအသီးသီး၏တာဝန်ဝတ္တရားများ | ၂၈ |
| ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုယန္တရား | ၂၈ |
| မူဝါဒကိုအကောင်အထည်ဖော်ဆောင်ရွက်ခြင်း | ၂၈ |
| မူဝါဒအကောင်အထည်ဖော်ရန် အရင်းအမြစ်လိုအပ်ချက်များ | ၂၉ |
| ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ဖြည့်စွက်ခြင်း | ၃၀ |
| နိဂုံး | ၃၀ |